ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်အောက်လွှတ်တော်မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့ အင်္ဂါနေ့က အတည်ပြုခဲ့ကြောင်း ဗွီအိုအေ- မြန်မာပိုင်း အစီအစဉ်၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်စွဲပါ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အမေရိကန်အောက်လွှတ်တော်က အတည်ပြုခဲ့သည်ဆိုသည့် အဆိုပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ စုံစမ်းစိစစ်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့ အင်္ဂါနေ့က အမေရိကန် အောက်လွှတ်တော်၌ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ခြင်းမရှိဘဲ ရက်ရွှေ့ဆိုင်းခဲ့သည်ကိုသာတွေ့ရှိရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအပေါ် သဘောထားတင်းမာသော အောက်လွှတ်တော်အမတ်အချို့၏ ဦးဆောင်မှုဖြင့် ယင်းဆုံးဖြတ်ချက်(မူကြမ်း)ကို နှစ်သစ်ကူး ရုံးပိတ်ရက်ရှည် မတိုင်မီ အောက်လွှတ်တော်အတွင်း အမြန်ဆုံး အရေးယူဆုံးဖြတ်ရန် နည်းလမ်း မျိုးစုံဖြင့် ကြိုးပမ်းမှုများရှိကြောင်းကို သိရှိထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်ကိစ္စဖြေရှင်းရေး တို့ကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးနှင့် ပြည်ပရောက် မြန်မာနွယ်ဖွားများမှ ကြိုးပမ်း အားထုတ်နေသည့်အချိန်တွင် ယခုကဲ့သို့သော သတင်းရေးသားထုတ်ဝေမှုများသည် အပြုသဘော မဆောင်သော သတင်းအဖြစ် မှတ်ယူရမည်ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော မြန်မာ နိုင်ငံအပေါ် အကောင်းမြင်သည့် အသိတရားနှင့် ဉာဏ်ပညာရှိကြသော မြန်မာပြည်သူများ၊ အကောင်းမြင်စိတ်ရှိကြသူများအနေနှင့် အထက်တွင်ဖော်ပြခဲ့သည့် သတင်းထုတ်ဝေမှုများကို မိမိတို့၏ အသိဉာဏ်နှင့် ဆင်ခြင်ထုံတရားကို အခြေခံ၍ ဝေဖန်သုံးသပ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
081
WASHINGTON